## ချိန်းတဲ့ချိန်းတယ်

တိုးတိုးတိတ်တိတ် အရိပ်လေးထဲက ဖိနပ်သံတစ်စုံဟာ
ငါရင်ခုန်စွာစောင့်စားနေမိတဲ့ မြေသည်းနီလေးတွေလား
လေပြေညင်းက ပွေ့ဖက်လာတဲ့ ရနံ့ထဲမှာ
သူမကိုယ်သင်းနံ့လေးက နွေးထွေးရှိန်းမြနေလေရဲ့ . . .။

တန်ရာတန်ကြေး ပေးယူရရှိလိုက်ခြင်းမဟုတ်တဲ့
အာသာပြေရုံမျှက်မဟုတ်တဲ့ သူမရဲ့အငွေ့အသက်အငွေ့အဖက်
ငါ့လက်ထဲမှာ စီးဆင်းကောင်းတုန်း ဒီတော့ သူမကို
ငါမျှော်လင့်မဆုံးတာ အဝိပ္ပာယ်ရှာနေဖို့ မလိုတော့ဘူး။

ကြည်နူးမှုလေးတွေက သူမရဲ့နှုတ်ခမ်းဖျားပေါ်မှာ
သာယာမှုလေးတွေက သူမရဲ့ရင်ခွေးခွေးဆီမှာ
ကျေနပ်မှုတွေရယ်ကတော့ သူမရဲ့ အဖျံ့တွေမှာပေါ့
နောက်ဆုံး ပြည့်စုံခြင်းကတော့ သူမရဲ့ ချစ်မေတ္တာတရားပါပဲ။

အိပ်စက်ခြင်းက ငါနဲ့သူမရဲ့အချစ်ကို ပိုမိုနားလည်စေခဲ့
သူမရဲ့မျက်လုံးတွေ မှေးစင်းလာတဲ့အခါ
ငါ သူမမျက်ခွံလေးကို နမ်းလိုက်တယ် ရင်ထဲအပြည့်နဲ့ပါ
အခု သူမနဲ့ ချိန်းဆိုထားရာမှာ စောင့်နေခဲ့တယ်။

ပန်းလေးတွေ အိပ်ငိုက်နေတာ ငါတို့ကိုရှက်လို့နေတဲ့ရဲ့
ငါကတော့ လှိုက်ဖိုနေမိတာ အသက်ရှူသံတွေ မိုင်ချီလို့။

အေဝိုင်းကော

## အေးစက်စက်

သူကလည်းအေးစက်စက်
ကိုယ်ကလည်း အေးစက်စက်
ရှေ့ဆက်ဖို့ခတ်လမ်းက အေးစက်စက်
မနက်ဖြန်တွေကို လိမ်လည်ဖို့အတွက်
အချစ်တွေက သူ့ဘက်ကိုယ့်ဘက်
အေးစက်စက်။

သူ့အပြုံးတွေက အေးစက်စက်
သူ့နှလုံးသားတွေက အေးစက်စက်
ခြေလှမ်းကျဲလာတဲ့ အတွေးတွေထဲ
တို့နှစ်ယောက်ဆက်ဆံရေးတွေကလည်း
အေးစက်စက်။

ဆုံစည်းခြင်းမျှဉ်းကြောင်းလေးပေါ်
တမျှော်တခေါ်တွေဝေမှုတွေနဲ့
ကိုယ်နဲ့ပတ်သက်တဲ့ဝန်တွေ ကိုယ်စီထမ်းပိုးလို့
တစ်ယောက်ကို တစ်ယောက်
တစ်ဘဝတစ်နေရာဆီ အေးစက်စက်။

အေဝိုင်းကော